ဟိန်းလတ်

# အကောင်းပြုပြင် အကောင်းမြင်

# အမှာ စာ

ကျွန်တော်ရေးသားထုတ်ဝေပြီးစာအုပ် (၉၆) အုပ်အနက် နိုင်ငံရေး အတ္တုပ္ပတ္တိဆိုင်ရာ စာအုပ်(၂၇) အုပ်၊ ဘာသာဗေဒဘာသာစကားစာအုပ်(၂၃)အုပ်၊ စာပေအနုပညာဆိုင်ရာစာအုပ်(၄၀) တို့ ဖြစ်ပြီး စိတ်တန်ခိုးမြှင့်တင်ရေး မြှင့်တင်ကြောင်း၊ တက်ကျမ်းစာအုပ် ၆ အုပ်တို့ ပါဝင်ပါသည် ။

သို့သော် ကျွန်တော်ရေးခဲ့သော တက်ကျမ်းစာအုပ်အားလုံးနီးပါးသည် ငွေကြေးချမ်းသာဖို့ ထိပ်တန်းအောင်မြင်သူဖြစ်ဖို့ စသော တိုက်ရိုက်တဲ့ တိုးနည်းတွေ ပေးသော စာအုပ်များ မဟုတ်ပါ။ ဥပမာ- ၂၀၀၀ ပြည့်နှစ်က ထုတ်ဝေခဲ့သော ဘဝတန်ဖိုး ဖန်တီးခြင်းဟူသော စာအုပ်သည် ဟာဝိုင်ယီ တက္ကသိုလ်မှ ပါမောက္ခမုနီယိုယိုရှိကာဂ၏ စိတ်နေစိတ်ထားကောင်းအောင် လေ့ကျင့်သော သုတေသနစာတမ်းကို ပြန်ဆိုထားခြင်းဖြစ်သည် ။

ထိုနည်းတူ ၂၀၁၅ ခုနှစ် ထုတ်ဝေခဲ့သော "ထူထဲမျက်နှာနှလုံးသားမဟူရာ"စာအုပ်သည် လည်း "ဒေးကာနက်ဂျီ"၏ "လူပေါ်လူဇော်လုပ်နည်း"စာအုပ်ကို ဝေဖန်ထာသော စာရေးဆရာမ "ချင်းနင်းချူ"၏ ကမ္ဘာကျော်စာအုပ်ဖြစ်သည် ။ မိမိကို ချစ်ခင်လာစေရန် ညာဝါးဖြီးဖြန်း၊ ဖော်လံဖား၊ မြှောက်ပင့်ပြောဆိုဆက်ဆံသောနည်းများကို စွန့်ပယ်ကာ မိမိစိတ်ထဲမှာ အရှိကို အရှိတိုင်း

ပြောဆို နည်း၊ သူတစ်ပါးကိုလည်း ကောင်းစားစေလိုသောစိတ်နှင့် ဝေဖန်စရာရှိကာ အမုန်းခံဝေဖန်နည်းတို့ ဖြင့် ဘဝတွင် လူမှန်နေရာမှန်နေရာရအောင် လုပ်နည်းများ ပါဝင်ပါသည်။

ထိုအတူ ၂၀၁၄ ခုနှစ်တွင် ထုတ်ဝေသည့် "လင်းလက်သည့်ကျောက်ခဲ"ဟူသော ဘဝအောင် မြင်ရေးလမ်းညွှန်ရသ စာစုများကို ဆိုနိုင်ပါသည်။

၂၀၁၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော ချမ်းသာဖို့ အမြဲချမ်းသာဖို့ မှာလည်း ငွေကြေးချမ်းသာဖို့ သာ မက စိတ်ပိုင်းဆိုင်ရာ ငြိမ်းအေးချမ်းသာရေးလမ်းညွှန်ချက်များဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကံကောင်းခြင်း စာအုပ်မှာ နိုင်ငံပေါင်း ၉၆ နိုင်ငံတွင် ဘာသာ ပေါင်း ၃၆ ဘာသာပြန်ဆိုထုတ်ဝေပြီးသော တစ်နှစ်အတွင်း အုပ်ရေ ၁၀ သန်းကျော် ရောင်းရ သော စာအုပ်ဖြစ်သည် ။ ကံကောင်းအောင် ဆု တော င်းေ နေ ၍ မရ။ ကံကောင်းအောင် ဘယ်လိုလုပ်ရမလဲဆိုတာတွေကို စီးပွားရေးပညာရှင်နှစ်ဦးက ရေးထားသော ကမ္ဘာကျော်စာအုပ်ကို ပြန်ဆိုခြင်းဖြစ် သည်။

၂၀၁၁ ခုနှစ်တွင် ထုတ်ဝေသော ကမ္ဘာထိပ်တန်းဈေးသည်ကြီးစာအုပ်မှာ လည်း ဘာသာပေါင်း ၂၂ ဘာသာပြန်ဆိုခြင်းခံရပြီး အုပ်ရေ သန်း ၄၀ ရောင်းရသော စာအုပ်ဖြစ်သည်။ ကံကောင်းခြင်းရော ကမ္ဘာထိပ်တန်း ဈေးသည် ကြီးစာအုပ်နှစ်အုပ်ပင် ကြီးပွားချမ်းသာနည်းများကိုတဲ့ တိုးမပြောဘဲ ပုံပြင်များ ဖြင့် ဇာတ်လမ်းဆင်ကာ ရေးထားသော တက်ကျမ်းစာအုပ်များ ဖြစ်သည်။

ယခုနောက်ဆုံး ရေးသားလိုက်သော အကောင်းပြုပြင်အကောင်းမြင်

စာအုပ်မှာ လည်း ကမ္ဘာအရပ်ရပ်မှ ပုဂ္ဂိုလ်များ စွာ၏ ကိုယ်တွေ့ဇာတ်လမ်းများကို စုစည်းတင်ပြထားခြင်းဖြစ်သည် ။

၂၀၁၁ ခုနှစ် နောက်ဆုံးထုတ်စာအုပ်ဖြစ်ပြီး စုစည်းသူများမှာ စိတ်ဓာတ်ဆိုင်ရာ ကြက်စွပ်ပြုတ် (Chicken Soup For the Soul) အုပ်စုဝင်များ ဖြစ်သဖြင့် စိတ်ချရပြီးကြောင်း အာမခံနိုင်ပါသည် ။

သင့်အတွေးတွေကို ပြောင်းလိုက်ရုံဖြင့် သင့်ကမ္ဘာတစ်ခုလုံးကို ပြောင်းပစ်နိုင်သည် ဟူသော ဆောင်ပုဒ်ဖြင့် ကြော်ငြာထိုးထားသော စာအုပ်လည်း ဖြစ်သည် ။

နေ့တိုင်းကို နေ့ထူးနေ့မြတ်များ ဖြစ်အောင် လုပ်ပါ ဟူသော စကားလုံးကလေးကလည်း မှတ်လ လွယ်သလောက် လုပ်ရခက်၏ ။ လုပ်ရခက်သည် ကို အတင်းလုပ်ကြည့်တော့လည်း မမှန်းဆနိုင် လောက်သော အကျိုးကျေးဇူးတွေကို ခံစားရမည်ကို ဤစာအုပ်တွင် တွေ့ရပါမည်။

ဤစာအုပ်ကို တစ်ထိုင်တည်းမအစဆုံး ဖတ်စရာမလိုပါ။ ဇာတ်လမ်းတစ်ပုဒ်ချင်းကို ဖြည်းဖြည်း ချင်း ဖတ်နိုင်ပါသည် ။ ဖတ်ပြီးလျှင် စဉ်းစား။

## “အကောင်းပြုပြင်၊ အကောင်းမြင်”

ဤစာအုပ်ဖတ်ပြီးသည့်နေ့မှ စ၍ အကောင်းဘက်မှ စဉ်းစားတွေးတောမှုများ လေ့ကျင့်သွားကြ ရပါမည်။

**ဟိန်းလတ်**

* * *

အပိုင်း တစ်

# ဘဝကို ပြောင်းလဲစေသော စကားလုံးများ

စကားလုံးများ တွင် ဖျက်ဆီးတက်သော စွမ်းအင်ရော၊ ကုသပျောက်ကင်းစေသော စွမ်းအင်ရော။ နှစ်ခုလုံးရှိ၏ ။ စစ်မှန်ပြီး ကြင်နာသော စကားလုံးများ သည် ကျွန်ုပ်တို့ ကမ္ဘာကို ပြောင်းလဲစေနိုင်သည် ။

**ဗုဒ္ဓ**

* * *

(၁)

# နော်မန်ဗင်းဆင့်ပီးလ်နှင့် တွေ့ခဲ့သော နေ့တစ်နေ့

အောင်မြင်ဖို့ အတွက် အချက်လေးချက်

အလုပ်လုပ်ပါ။ ဘုရားရှိုးခိုးပါ။

တွေးတောပါ။ ယုံကြည်ပါ။

နော်မန်ဗင်းဆင့်ပီးလ်

"အခု ဘာဖြစ်လို့ အခြေအနေတွေ ဆိုးနေရတာ လဲ။ ဘာဖြစ်လို့ ဒီလောက်ခက်ခဲရုန်းကန်နေ ကြရတာ လဲ"

အသက် ၂၈ နှစ်အရွယ် ကျွန်တော့်ဇနီး"စင်ဒီ"ကပြောသည် ။

ကျွန်တော့်မှာ လည်း အဖြေမရှိ။ ကျွန်တော်လည်း သူ့လိုပင် အတိအကျ ခံစားနေရ၍ ဖြစ်သည် ။

ကျွန်တော်တို့ သည် ထိုနေ့နံနက်က မိသားစုအခန်းထဲတွင် ကော်ဖီသောက်ရင်း ထိုင်နေကြသည် ။

"စ င် ဒီ "၏ အိမ်မြေအရောင်းအဝယ်အလုပ်က အတော်အထိနာနေသည် ။ အခြားပွဲစားတစ်ဦးက

မဟုတ်တမ်းတရမ်းတွေ လျှောက် လုပ်သွားသည် ။ စင်ဒီ ရမည့် ပွဲစားခကို သူက ဖြတ်အုပ်သွားခြင်းဖြစ် ၏ ။ ယခုတော့ တရားရုံးပဲ ဦးတိုက်လျှောက်ထားရမလို ဖြစ်နေပြီ။

သည်းထိတ်ရင်ဖို ဝတ္ထုများ ရေးသားသော ကျွန်တော့်တွင် လည်း စာအုပ်လောက ကပ်ဆိုက်နေ ၍ မရှုသာ မရှိုက်သာ ဖြစ်နေရ၏ ။ ထို့ကြောင့် ကျွန်တော့်တို့ ငြိမ်ပြီးထိုင်နေကြရင်း ကျွန်တော့်ပါးစပ် က စကားတစ်လုံးထွက်သွား၏ ။

“ကိုယ်တို့ လည်း နော်မန်ဗင်းဆင့်ပီးလ်လို ပိုလုပ်ကြရတော့မှာ ပဲ ”

သူ့အမည်ကို ကျွန်တော်မပြောမိတာ ကြာပြီ။ သို့သော် ယခုအချိန်တွင် သူ့ကိုပဲ သတိရသင့် သည် ။ လွန်ခဲ့သော နှစ် ၃၀ က သူ့စကားလုံးများ သည် ကျွန်တော့်ကို အမှောင်ထုထဲမှ ဆွဲထုတ်နိုင်ခဲ့၏ ။

ထိုစဉ်က ကျွန်တော်သည့် ဟောလီးဝုဒ်တွင် အသံဖမ်းဘက်ဆိုင်ရာဌာနတွင် လုပ်ကိုင်နေ၏ ။ ၁၉၇၁ ခုနှစ် နွေရာသီရက်တစ်ရက်တွင် ကျွန်တော် ဟောလီးဝုဒ်လမ်းထောင့်တစ်နေရာတွင် ရပ်နေ သည် ။ ကျွန်တော်အသံသွင်းခန်းမှန်းပြန် လာပြီး ကျွန်တော်အခန်းဆီသို့ ပြန်ရန်ဖြစ်သည် ။

ကျွန်တော် မတ်တပ်ရပ်နေတုန်း ဘတ်(စ်)ကားတစ်စီးက မောင်းလာသော သူ့နောက်မှ အိပ် ဓာအငွေ့မည်းမည်းကြီးတွေ လွှတ်သွား၍ ကျွန်တော်အသက်ရှုပင် ကျပ်သွားသည် ။

စိတ်ပျက်လက်ပျက်နှင့် “ပစ်ဝစ်စာအုပ်ဆိုင်”သို့ ခြေဦးတည်မိသည် ။ စိတ်ပျက်မှုကို ဖြေသိမ့်ရာ ဖြေသိမ့်ကြောင်း ဘာသာရေး စာအုပ်များ ရောင်းသော နေရာသို့သွားမိသည် ။

ကျွန်တော့် အထက်တန်းကျောင်းပြီးတော့ ကောလိပ်ဆက်တက်၏ ။ တနင်္ဂနွေနေ့ဆိုတာ ဘုရားရှိခိုးကျောင်းတက်ရမည့်နေ့ရယ်လို့ ကျွန်တော်ခေါင်းထဲတွင် တစ်ခါမှ မရှိ။ တနင်္ဂနွေမှာ ပင်လယ်ကမ်းခြေသွား။ ဘီယာသောက်။ ဒါပဲ။

ယခု ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်နေသည် ပင် သုံးနှစ်ရှိပြီ။ ကျွန်တော့်ဘဝမှာ မရေရာမသေချာ။ အမှောင်ထုထဲမှာ ။

ထိုအမှောင်ထုထဲမှာ ဆွဲထုတ်နိုင်သော စာအုပ် တစ်အုပ်တလေများ ရှိလိုရှိငြား စာအုပ်ဆိုင်သို့ ရောက်နေခြင်းဖြစ်သည် ။

စာအုပ်နာမည်တွေလျှောက်ဖက်ရင်း နော်မန်ဗင်းဆင့်ပီးလ် အမည်ကိုသွားတွေ့ရသည် ။ ဒေါက် တာပီးလ်၏ အတ္တုပတ္တိကိုလူတစ်ယောက်၏ ဘဝလမ်း ရုပ်ရှင်တွင် မြင်ခဲ့ရဖူးသည် ။

ယခုရေးသားသောအပြုသဘောတွေးခေါ်နည်း၏ စွမ်းအင်ဆိုသော စာအုပ်ကို ဝယ်ခဲ့ကာ အိမ် ရောက်တော့ ဖတ်ကြည့်၏ ။ အခန်းတစ်ခန်းပြီးလျှင် ဖော်ပြထားသောနည်းလမ်းစဉ်တွေကို ကျွန်တော် လုပ်ကြည့်၏ ။

လအနည်းငယ်ကြာသောအခါ ကျွန်တော့် နယူးယောက်သို့ပြောင်းကာ သရုပ်ဆောင်ပညာသင် ၏ ။

ထို့နောက် ဇာတ်ရုံတစ်ရုံတွင် ဝင်လုပ်သည် ။ အနောက်ဘက် ၂၃ လမ်းတွင် အခန်းတစ်ခန်းငှား နေကာ ယာယီလက်နှိပ်စက် စာရေးလည်း လုပ်သည် ။ ဘရော့ဒ်ဝေးဇာတ်ခုံတွင် ကျွန်တော်က နောက်ခံကားလိပ် ရွှေ့ရပြောင်းရသော တာဝန်ကို လုပ်အားပေးဝင်လုပ်ရင်း လည်း ပညာယူနေချိန် ဖြစ်၏ ။

ထိုသို့လုပ်ကိုင်နေစဉ် ဒေါက်တာ နော်မန်းဗင်ဆင့်ပီးလ်သည် နယူးယောက်မြို့ရှာ မာဘယ် ကောလီဂျီယိတ်ဘုရားကျောင်းတွင် ဓမ္မဆရာလုပ်သည် ကို သွားသတိရမိသည် ။

ယခုဆိုလျှင် သူသက်ရှိထင်ရှား ရှိမှ ရှိပါ့မလာဟု ကျွန်တော်တွေးမိသည် ။ (ထိုစဉ်က အင်တာ နက်တို့ ဂူးဂဲလ်တို့ မပေါ်သေး) ကျွန်တော်က ဘုရားရှိုးခိုးကျောင်း လိပ်စာရှာပြီး ဒေါက်တာပီးလ်ရှိမည်။ ထင်သည့် နေရာသို့သွားသည် ။

ဘုရားကျောင်းမှ သိရတာ က “ဒေါက်တာပီးလ်”သည် သက်ရှိထင်ရှားရှိရုံမက။ တနင်္ဂနွေနေ့ တိုင်း ထရားဟောသည် ကို ပါသိရသည် ။ ဒေါက်တာပီးလ်က ယခုအသက် ၈၂ နှစ်ပင်ရှိပြီတဲ့ ။

နောက်တစ်ပတ် တနင်္ဂနွေနေ့ ကျွန်တော်သွားသည့်။ ၁၉၈၀ ခုနှစ် မတ်လ ၉ ရက်။ဒေါက်တာ ပီးလ် ထိုနေ့က ဟောသော တရားမှာ ရှုံးနိမ့်မှုမှန်သမျှကို သင်အောင်နိုင်သည့် ဆိုသောတရား။

သူ၏ အသံသြဇာက သိပ်ကောင်းပြီး ဆွဲဆောင်မှုရှိလှသည် ကို ကျွန်တော်တွေ့ရ၏ ။

ယုံကြည်မှုမှ နေ၍ လုံခြုံဘေးကင်း စိတ်ချရခြင်းသည် စီးဆင်းလာ၏ ။ ဒီစကားကို ကျွန်တော်ကြိုက် တယ်။ လုံခြုံစိတ်ချဘေးကင်းခြင်းတဲ့ ။ မရှုံးနိမ့်ခြင်းတဲ့ ။ ခင်ဗျားတို့ ဟာ ဒါပါပဲ။ ခင်ဗျား တို့ ကို ကျွန်တော်က သိပ်ကို တည်ဆောက်ပေးနေတယ် ထင်ကြမယ်။ သမ္မာကျမ်းစာထဲမှာ ဒီလိုဆို ထားလေရဲ့ ။ ကမ္ဘာကို လွှမ်းမယ့် အောင်ပွဲဟာ ဒါပဲတဲ့ ။ ဆိုလိုတာက အရာရာအားလုံး က မ္ဘာ ပေါ် မှာ အရာခပ်သိမ်းပြီးငြိမ်းသွားတာကို ပြောတာပါ။ဟူသော စာပိုဒ်ကို ကျွန်တော် စွဲနေမိ၏ ။ ကျွန်တော်က

သမ္မာကျမ်းစာအခြေခံအပေါ်မှာ လုပ်ပြနေတာပါ။

ကျွန်တော်သည် တရားတိတ်ခွေကိုဝယ်ခဲ့၏ ။ ယခုတိုင် ထိုတိတ်ခွေရှိသေးသည် ။ ကျွန်တော် သူ့ကို တွေ့သောနေ့ ဟု ရေးမှတ်ထား၏ ။

တရားပွဲပြီးတော့ ကျွန်တော် သူ့ရုံးကို သွားတွေ့၏ ။

ကျွန်တော် ရုံးခန်းထဲရောက်သောအခါ သူက တစ်စုံတစ်ဦးကို ဖုန်းဆက်နေ၏ ။ ဖုန်းပြောပြီး တော့ ကျွန်တော်က မိမိဘာသာ မိမိ မိတ်ဆက်လိုက်၏ ။ သူက ကျွန်တော့်လက်ကို ဆုပ်ကိုင်နှုတ်ဆက် ပြီး ခင်ဗျားနဲ့ တွေ့ရတာ တကယ်ပဲ ဂမ်းသာပါတယ်ဗျာ ဟု ပြော၏ ။

ကျွန်တော်တို့ မိနစ်အနည်းငယ် စကားပြောမိကြ၏ ။ သူက ကျွန်တော် စိတ်ဝင်စားမှုများ နှင့် ကျွန်တော့်အလုပ်ကိုမေးသည် ။ ဒေါက်တာပီးလ် သည် သူ့ဒဿနိကအတိုင်း နေထိုင်သူဖြစ်ကြောင်း ကျွန်တော်မျက်မြင်ဒိဋ္ဌ တွေ့ရ၏ ။ သူစကားပြောသောအခါ ကျွန်တော့်မျက်လုံးကို စိုက်ကြည့်ပြီး ပြောတတ်သည် ။

ထိုအခိုက်အတန့်တွင် ကျွန်တော် ခံစားရသည် မှာ ကျွန်တော့်ကို သူက ကမ္ဘာပေါ်တွင် အရေးအပါဆုံး လူတစ်ဦးအနေဖြင့် ဆက်ဆံနေသည် ဟု ခံစားရ၏ ။

ဘဂသည် အကွေ့အပတ်အလှည့်အပြောင်းများ စွာဖြင့် ပုံမှန်အတိုင်း သွား၏ ။ ကျွန်တော် အိမ် ထောင်ကျသွားသည် ။ လော့စ်အင်ဂျလိစ်သို့ ပြောင်းနေသည် ။ ဥပဒေကျောင်းတက်သည် ။ မိသားစုကို စတင်ပြုစုပျိုးထောင်သည် ။ ကျွန်တော့် စာတွေလည်း စာရေးပြီ။

ထိုနှစ်ကာလများ အတွင်းတွင် ကျွန်တော်သည် ဒေါက်တာပီးလ်၏

စာအုပ်များကို မကြာခဏ ပြန်ဖတ်၏ ။ ပြန်ဖတ်တိုင်း သူ၏ ဩဇာတိက္ကမကောင်းသော အသံကြီးကို ပြန်ကြားယောင်မိသည် ။

ယခု စင်ဒီရော ကျွန်တော်ပါ စိန်ခေါ်မှုအကျပ်အတည်းကာလကြီးတစ်ခုထဲ ရောက်နေကြပြီ။ ထိုရက်သတ္တပတ်များ ထိုလများ တွင် ကျွန်တော်တို့ တစ်ဦးနှင့်တစ်ဦး သတိမပြတ်ပေးနေ၏ ။ ပီးလ်၏ သဘောတရားအတိုင်း နေကြရန်။

အပြုသဘောအမြဲဆောင်နိုင်ရန် ခက်၏ ။ သို့သော် အမှောင်ကာလထဲတွင် ပင် ကျွန်တော်တို့ အ ပြုသဘောကို တက်နိုင်သမျှ ဆောင့်ခဲ့ကြ၏ ။။

မသေချာ မရေရာသော ရက်သတ္တပတ်ပေါင်းများ စွာကို ကျော်နင်းပြီးနောက် စင်ဒီ၏ ပြဿနာ သည် တစ်ကြိမ်တစ်ခါလောက် လူချင်းတွေ့ဆုံရုံဖြင့် ပြီးစီးသွား၏ ။ သူက မှန်ကန်မျှတသောနစ်နာ ကြေးရခဲ့၏ ။

ကျွန်တော့် စိန်ခေါ်မှုကား ပိုတာရှည်သည် ။ ထုတ်ဝေရေးလောကက အတော် ပျက်နေပြီပဲ။ မည်သူကမှ မည်သူ့ကို မကယ်မနိုင်ကြ။ ထိုအချိန်ကာလတွင် လည်း ကျွန်တော် ပီးလ်၏ အပြုသဘော ဆန်သော နည်းအတိုင်းပင် အကောင်းမြင်နေထိုင်ခဲ့၏ ။

ကျွန်တော်စောင့်ဆိုင်းခဲ့ရသောနေ့ကာ နောက်ဆုံးတွင် ရောက်လာ၏ ။ ကျွန်တော်၏ ကိုယ်စားလှယ်က သတင်းကောင်းလာပေးသည် ။ ကျွန်တော့်စာအုပ်များ စွာကို စာချုပ်ချုပ်ပြီး ဝယ်မည့် သူပေါ်လာချေပြီ။

မိ သား စု ခ န်း လေး ထဲ တွ င် စင်ဒီ နှင့် ကျွန်တော် အောင်ပွဲသဘင်လေးတစ်ခု ဆင်ယင်ကျင်း ပမိကြ၏ ။

ကျွန်တော် ဂစ်ဂစ် စာအုပ်ဆိုင်သို့ လျှောက်သွားခဲ့သောနေ့။

ဒေါက်တာ ပီးလ်၏ စာအုပ်ကို စဖတ်မိသောနေ့။

ဒေါက်တာ ပီးလ် နှင့် လူကိုယ်တိုင် စကားပြောခွင့်ရသောနေ့။

ထိုအချိန်ကာလများ သည် ရုပ်ရှင်ပြသကဲ့သို့ အစီအရီပုံရိပ်ထင်ဟပ်လာ၏ ။

ကျွန်တော် အရေးကြုံတိုင်း သူ့စကားလုံးများက ကျွန်တော့်အတွက် အားဆေးတွေပင်ဖြစ်နေ ၏ ။

လုံခြုံဘေးကင်း စိတ်ချရခြင်း၊ မရှုံးနိမ့်နိုင်ခြင်း ၊ အဲဒါ ခင်ဗျားတို့ ပဲပေါ့ဟူသော စကား။

ဂျိမ်းစ်စကော့ဘဲလ်

* * *

( ၂ )

# မိုးရွာထဲမှာ ကခုန်ခြင်း

နေသာလျှင် ပျော်ရွှင်သည် ဟု ပြောဆိုသူတိုင်း မိုးရွာထဲမှာ မက၊ ခုန်ကြပါ။

**အမည်မသိ စာရေးဆရာ**

ကျွန်မခင်ပွန်းနှင့် ကျွန်မသည် ရပ်ကွက်အတွင်း စားသောက်ဆိုင်တွင် ညစာစာကြပြီးနောက် အနီးအနားရှိ ကုန်တိုက်တွင် လျှောက်လှည့်ပတ်ကြည့်ကြ၏ ။ လက်မှုပစ္စည်းရောင်းသောဆိုင်သို့ သွား ကာ ခရစ်စမတ်လက်ဆောင် နောက်ဆုံးပေါ်များ ရှိလိုရှိငြား သွားရှာကြ၏ ။

လက်လုပ်ဆပ်ပြာနှင့် ပန်းစုံထုံသင်းသောရနံ့များက တံခါးပေါက်ဝင်စကတည်းက ကျွန်မတို့ နှာ ခေါင်းကို လာချူနေကြသည် ။

ကြည့်စရာတွေက အများကြီး။ စင်တွေမှာ ရော နံရံတွေမှာ ပါ လက်မှုပညာရှင်များ ၏ လက်ရာပစ္စည်းမျိုးစုံ တစ်ပုံတစ်ပင်။ စတိုးဆိုင်ထဲ လျှောက်သွားရင်းနှင့် ကျွန်မသစ်သားဆိုင်းဘုတ်တစ်ခု နံရံတွင် ချိတ်ထားသည် ကိုတွေ့ရ၏ ။ ကျွန်မ ဒုတိယအကြိမ် ပြန်ကြည့်ကာ သစ်သားဆိုင်းဘုတ်ပြားပေါ်တွင် ရေးထားသော စာကို

ဖတ်ပြီးခေါင်းခါမိသည် ကိုသတိရမိသေးသည်။

တစ်ဆိုင်လုံး လှည့်ပတ်ကြည့်ရှုပြီး ထိုဆိုင်းဘုတ်ပြားကိုပင် မျက်စိထဲ စွဲနေမိ၏။

သစ်သားဆိုင်းဘုတ်ရှေ့တွင် ရပ်မိသောအခါတွင် ကျွန်မသည် ကလေးဘ၀ ပြန်ရောက်သလို ခံစားမိ၏ ။ သဲထဲ တူးဆွကစားရင်း ပျောက်ဆုံးခဲ့သော ကစားစရာဟောင်းတစ်ခုကို ပြန်လည်တူးဖော်မိသလို ရင်ခုန်ခြင်းပီတိမျိုးဖြစ်မိ၏။ လက်လုပ်ပစ္စည်းပစ္စယများ စွာထဲမှ ဤသစ်သားဆိုင်းဘုတ်လေး သည် သာ ကျွန်မကို အဆွဲဆောင်ဆုံးဖြစ်နေသည် မှာ အံ့သြစရာကောင်းလှ၏ ။ ထိုဆိုင်းဘုတ်မှာ စာသား လေးကို ကျွန်မသိပ်စွဲသွားသည်။

ဘ၀ဆိုတာ မုန်တိုင်းလွန်သွားတာကို စောင့်နေဖို့ မဟုတ်ဘူး ။ မိုးရေထဲမှာ ကတက်အောင် သင် ယူဖို့ ပဲ ဟူသော စာသား။

ကျွန်မက ကျွန်မခင်ပွန်းကို လက်ဆွဲခေါ်ကာ သစ်သားပြားပေါ်မှာ စာသားကို ဖတ်ခိုင်း၏။ သူလည်း သဘောကျသွားပုံရသည်။ ကျွန်မတို့ ဘ၀ထဲမှာ ပျော်ရွှင်မှုကို ဘယ်လိုရယူခဲ့ကြပါသလဲ။

အိမ်တစ်လုံးဝယ်ဖို့ ငွေပြည့်သွားတဲ့ ချိန် ပျော်တာလား။

သားတွေ သမီးတွေ စည်စည်ပင်ပင်နှင့် အတူနေချိန်တွေမှာ ပျော်တာလား။

တကယ်တော့ ဘ၀၏ မရေရာ မသေချာမှုများ ထဲတွင် ဘယ်အချိန် ဘယ်လိုပျော်ရမည်ဆို သည် မှာ မလွယ်လှပါ။

ဆိုင်းဘုတ်ကို ဖတ်ရင်း ပူပြင်းသောနွေရက်များကို သတိရမိသည် ။ ရှော့ကီတောင်ခြေတွင် မှောင်မိုက်သော တိမ်တိုက်များ အောက်၌

နေရသည် ကို မှတ်မိ၏ ။ ညနေစောင်းမှာ တိမ်တိုက်တွေ အုံ့ ဆိုင်းလာပြီး မိုးသဲကြီးမဲကြီးရွာလာ၏ ။

ကျွန်မစာတိုက်ပုံးမှ စာသွားယူစဉ် မိုးက ဖွဲဖွဲလေး ရွာနေဆဲ ရေတံလျှောက်တွင် မိုုးရေတွေ ကျ နေဆဲ။ သို့သော် ကျွန်မ ဘာဖြစ်သွားသည် မသိ။ တစ်ခုခုလုပ်ရန် စိတ်ကူးမိ၏ ။ အသက်ငါးဆယ်ကျော် အရွယ် အမျိုးသမီးတစ်ဦးအနေနှင့် စိတ်ကူး ပေါက်တယ်ပဲ ထင်ချင်တယ်။

ကျွန်မ ဖိနပ်တွေနှင့် ခြေအိတ်တွေ ချွတ်ပစ်လိုက်သည် ။ ထို့နောက် မိုးရေထဲတွင် ဖိနပ်ဗလာနှင့် စလျှောက်တော့၏ ။ ခြေထောက်တွေက နွေးနေ၏ ။ တစ်နေကုန် ပူချစ်ထားသော နေအပူရှိန်က ပလက်ဖောင်းများကို ဖုတ်ကင်ထားသလိုဖြစ်ခဲ့၍ ယခုထိ နွေးတေးတေးဖြစ်နေခြင်းပင်။

ကျွန်မအိမ်နီးချင်းတွေ မြင်သွားလျှင် ဒီမိန်းမရူးသွားပြီး ထင်ချင်ထင်မည်။ သို့သော်ဒါတွေ ကျွန် မ ဂရုမစိုက်။ ထိုအခိုက်အတန့်တွင် ကျွန်မပေ့ါပါးနေ၏ ။ အခွန်အခတွေဆောင်ရမည့်ကိစ္စ မေ့နေ၏ ။ နောက်နေ့ လုပ်စရာ အလုပ်တွေ သတိမရ။ စစ်မှန်ရိုးရှင်သော အပျော်တွေ ကျွန်မတစ်ကိုယ်လုံး ဖြန့် ကျက်နေ၏ ။

သစ်သားဆိုင်းဘုတ်ကလေးကို ယခု ကျွန်မဧည့်ခန်းတွင် ချိတ်ထား၏ ။ ကျွန်မခင်ပွန်းကပေး သော မွေးနေ့လက်ဆောင် ကျွန်မသည် နေတိုင်း ဆိုင်းဘုတ်မှ စာသားများကို ဖတ်မိ၏ ။

မကြာခဏလည်း ကျွန်မဘာသာကျွန်မမေးမိသည် ။

ကျွန်မ မိုးရေထဲမှာ ကများ နေမိသလား။

ဤျူဆိုင်းဘုတ်လေးအတိုင်းပင် ကျွန်မသည် အချိန်တိုင်းပျော်စရာ ရှိနေသလို ခံစားမိ၏ ။

မိတ်ဆွေကောင်းတို့ ၏ မေတ္တာ

နွေးဦးပေါက်၏ အလှ။

သားသမီးများကို ချစ်ခြင်းစသည် တို့ သည် အချိန်မရွေးခံစား၍ ရသောအပျော်များ ပင် မဟုတ်ပါ လား။

အချိန်တိုင်းအချိန်တိုင်းပင် ကျွန်မသည် တစ်နေ့ပြီးတစ်နေ့ မိုးရွာထဲတွင် ပိုပိုကနည်းကဟန် တွေ တက်လာနေပြီကော။

* * *

(၃)

# နေ့တိုင်းက နေ့ထူးနေ့မြတ်ပါ

မိမိကိုယ်ကိုမိမိ မကြာခဏ ပြောင်းလဲခြင်းက မြင်ကွင်းကို ပြောင်းလဲခြင်းထက်ပိုမိုလိုအပ်သည် ။

**အာသာခရစ်တိုဖာဘင်ဆင်**

ကျွန်မ ကောလိပ်ကျောင်းမှ ဘွဲ့ရပြီးနောက်ပိုင်းတွင် ကျွန်မမိဘများနှင့် ပြန်နေရဦးမည်ဟု တစ်ခါ မှ မထင်ခဲ့။

တကယ်တော့ ကျွန်မအထက်တန်းကျောင်းသူဘဝတွင် စိတ်လှုပ်ရှားစရာ ယဉ်ကျေးမှုများ ရှိ သော မြို့ကြီးပြကြီး လော့စ်အင်ဂျလိစ်တွင် နေထိုင်ရစဉ် ပင်လယ်ကမ်းခြေရှိ ငြီးငွေ့စရာမြို့ကလေး ဖြစ်သော ကျွန်မဇာတိမြေမှ ကလေးဘဝအိပ်ခန်းလေးကို သတိမရသလောက်ပင် ဖြစ်ခဲ့၏ ။

ထို့ကြောင့် ကျွန်မသည် နိုင်ငံရပ်ခြားတွင် ခရီးသွားရသော သင်တန်းတစ်ခုတက်ရန် လျှောက် ထားခဲ့၏ ။

ကျွန်မလျှောက်လွှာကို အချိန်အတော်ကြာယူပြီးရေးသား၊ စာအရေးအသားကို မကြာခဏ ပြုပြင် တည်းဖြတ်၊ ထောက်ခံစာတွေတောင်း၊ သုတေသန အစီအစဉ်တွေချမှတ်၊

အင်တာဗျူးတွေ အ ကြိမ်ကြိမ်ဖြေပြီးနောက် ပညာသင်ဆုနှစ်ဆုအတွက် နောက်ဆုံးအဆင့် အရွေးခံအခြေအနေသို့ ရောက်ခဲ့၏ ။ သို့သော် နောက်ပိုင်းတွင် တစ်ခုမှ ကျွန်မအရွေးမခံခဲ့ရပါ။

စိတ်မသက်မသာနှင့်ပင် နိုင်ငံတွင်းရှိ ကျောင်းတော်တော်များများ တွင် အလုပ်လုပ်ရန် လျှောက် ထားခဲ့သည် ။ လေးလအကြာတွင် ကျွန်မစာတိုက်ပုံး၌ ငြင်းပယ်စာများ ဖြင့် ပြည့်နှက်လာ၏ ။

ယခု ဧပြီလရောက်ပြီ။

ကောလိပ်တွင် နေရမည့်ရက်က တစ်လသာကျန်တော့သည် ။ ကျွန်မက အွန်လိုင်းမှ နေ၍ပင် လယ်ကွေ့ဒေသများ တွင် ရှိသော အလုပ်များကို လိုက်ရှာ၏ ။ ထိုဒေသတွင် တစ်ချိန်က ကျွန်မချစ်သူ သွားလုပ်ဖူးသော နေရာ ဖြစ်၏ ။ ကျွန်မ အလုပ်ရပြီး ချစ်သူနှင့် နီးနီးကပ်ကပ်နေရာ မြို့သစ်လေးတွင် ရှင်သန်မည်ဟု မျှော်လင့်ထား၏ ။

သို့သော် ဘွဲ့ရပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင် ကျွန်မချစ်သူနှင့် ကျွန်မပြတ်စဲသွား ၏ ။ ကျွန်မ၏ ကောလိပ်တုန်းက ကျောင်းနေဖတ် အတော်များများ သည် ကမ္ဘာအနှံ့သို့ပင် ပြန်လာခဲ့ ရ ၏ ။

ကျွန်မမိဘများကလည်း ကျွန်မဖြင့် သူတို့ ဆီ ဘယ်တော့မှ ပြန်လာတော့မည်မဟုတ်ဟု ထင်ခဲ့ ကြရာ ယခုကျွန်မပြန်ရောက်လာတော့ သူတို့ အံ့သြနေကြ၏ ။ ဝမ်းလည်း ဝမ်းသာနေကြပုံပေါ်၏ ။

ကျွန်မဘွဲ့လေးတစ်ခု တော့ ရခဲ့ပြီ။ သို့သော် ယခင်လေးနှစ်က နေခဲ့သော အခန်းကျဉ်းလေး ထဲသို့ပင် ပြန်ရောက်ရချေသည် ။

ကျွန်မချစ်သူနှင့် ရှင်ကွဲ ကွဲခဲ့ရသည် ကိုလည်း စိတ်မကောင်း ကောလိပ်ကျောင်းက သူငယ်ချင်း တွေကိုလည်း သတိရ။ ကျွန်မစိတ်တွေ ဆောက်တည်ရာမရတော့။

ထိုသို့ပင် ညည်းညည်းညူညူနေမိရင်း တစ်နေ့တွင် ထင်ရှားသာ ဆိုရိုးစကားတစ်ခုကို ပြန်သတိပြုမိသည် ။

နေ့တိုင်းကို နေ့ထူးနေ့မြတ်လိုဖြစ်အောင်နေ ဟူသောစကားလေး။

ကျွန်မက ချက်ချင်းပင် စာသားကို အသုံးချ၏ ။

ကျွန်မ၏ ရေချိုးခန်းမှန်တွင် ထိုစာသားကို ကပ်လိုက်၏ ။ ကျွန်မဆဲလ်ဖုံးတွင် ထိုစာသားကို ရိုက်ထည့်၏ ။

ကျွန်မ၏ ဆောင်းပုဒ်မှာ နေ့တိုင်းကို နေ့ထူးနေ့မြတ်လိုဖြစ်အောင်နေ ဆိုသည့်အတိုင်း ကျင့်ကြံ နေထိုင်၏ ။

နေ့ထူးနေ့မြတ်ဆိုတာ ဘယ်လိုနေ့တွေလဲ။

ယခု ကျွန်မကိုချစ်သော ကျွန်မချစ်သော မိဘများ နှင့် အတူနေရခြင်းသည် ပင် နေ့ထူးနေ့မြတ် မဟုတ်လော။ သူတစ်ပါးကို ကူညီဖို့ အချိန်တွေရ။ ကျွန်မကိုယ်ကျွန်မ ပြုစုပျိုးထောင်ဖို့ အချိန်တွေရ။ ကျွန်မနှစ်သက်တော စာရေးခြင်းကို ရရှိသော ကျွန်မ။

ထိုနေ့များကို တန်ဖိုးထားပြီးနေ့ထိုင်၏ ။

ကျွန်မ မိဘများ နှင့်အတူတူနေခွင့်ရခြင်းသည် ဆုလာဘ်ကြီးတစ်ပါးပါလားဟု နှလုံးသွင်းမိတော့ ရင်ကအေးမြသွားသည် ။

နေ့တိုင်းလိုလို တစ်မြို့တည်းနေ့ အဘိုးထံသွားကာ အဘိုး၏

ရှေးဟောင်းနှောင်းဖြစ်များကို နားထောင်ရသည် မှာ လည်း အရသာရှိလှဘိခြင်း

ကောလိပ်ကျောင်းသွားတက်စဉ်က ခွဲခွာခဲ့ရသော အထက်တန်းကျောင်းတုန်းက မိတ်ဆွေတွေ ဆီ သွားလည်ပြီး အာလာပသလ္လာပ ပြောရသည် ကလည်း ခံတွင်းတွေ့စရာ။

ကောလိပ်ကျောင်းတွင် စာတွေပိနေသဖြင့် အဟာရရှိသော ဟင်းလျာများ မချက်နိုင်။ ကြုံသ လိုပင် စားခဲ့၏ ။ ယခုတော့ စိမ်ပြေနပြေပင် ဟင်းလျား ကောင်းကောင်း တွေ ချက်နိုင်၏ ၊ ကျန်းမာရေး လေ့ကျင့်ခန်းလည်း မှန်မှန်လုပ်နိုင်၏ ။ ကျွန်မက အချိန်ဇယား အတိအကျပင်ဆွဲကာ ကိုယ်ကာယကျန်းမာကြံခိုင်ရေးကို လုပ်နိုင်လာ၏ ။

ဤသည် မှာ လည်း တစ်နေ့တာကို နေ့ထူးနေ့မြတ်အဖြစ် အသုံးချခြင်းပင်မဟုတ်ပါလား။

မနက်စောစော နံနက်တိုင်း အိမ်နားကပန်းခြံမှာ ပြေးလွှား အနီးအနား လယ်တောများ သို့သွား ကာ လတ်လတ်ဆတ်ဆတ် အသီးအနှံတွေဝယ်။ တစ်နေ့တာ စားသင့်သည့် အာဟာရကို တိတိကျကျ တွက်ချက်စားသောက်။

သို့ဖြင့် နှစ်ပတ်အကြာတွင် ပို၍ ကြံ့ခိုင်လာ။ ကျန်းမာလာသည် ကို တွေ့ရ၏ ။ ကျွန်မ၏ နံနက် ခင်းလေ့ကျင့်ခန်းများ သည် ကျွန်ကိုယ်ကျွန်မ ပြန်လည်ဆင်ခြင်သုံးသပ်နိုင်ခွင့်။ ကျွန်မ၏ အတွင်းစိတ် ကို ကျွန်မ သေသေချာချာ ပြန်ထိတွေ့နိုင်ခွင့်များ ရခဲ့၏ ။

ရပ်ကွက်ထဲရှိကျောင်းများ တွင် သွား၍ လုပ်အားပေး၏ ။ ကလေးတွေကို စာရေးစာဖတ်သင်ပေး သည် ။

အဘိုးအိုအဘွားအိုများ ထံသွားပြီး ပြုစုစောင့်ရှောက်သည် ။

မြို့နယ်လုပ်အားပေးအဖွဲ့နှင့် ဆက်သွယ်ကာ ပင်လယ်ကမ်းခြေသန့်ရှင်းရေးတို့ အလှူငွေ ကောက်ခံတာတို့ လိုက်လုပ်ပေး၏ ။

ထို့နောက် နေ့စဉ်နှစ်နာရီခန့် စာရေးသည် ။ ကျွန်မက စာရေးဆရာအဖြစ် အသက်မွေးဝမ်းကျောင်းချင်သူ ၊သို့သော် ကောလိပ်တက်တုန်းက တစ်နေ့ကို မိနစ် ၂ဝ လောက်ပဲ စာရေးဖို့ အချိန်ရခဲ့၏ ။ တစ်ခါတစ်လေ တစ်ပတ်လုံး ဘာမှ စားမှ မရေးဖြစ်။

ယခုစာရေးရှိန်ရလာတော့ အရေးက ပိုသွက်လာ၏ ။ အတွေးတွေက အလိုလိုခေါင်းးထဲမှ ထွက် လာ၏ ။ သို့ဖြင့်ဆောင်းပါးတွေ ဝတ္ထုတိုတွေ ရေးဖြစ်လာ၏ ။ လုံးချင်းဝတ္ထုတစ်ပုဒ်ပင် စကိုင်နိုင်လာချေ ပြီ။

ညဘက် အိပ်ရာဝင်ခါနီး တွင် တစ်နေ့တာအဖြစ်အပျက်များကို ပြန်လည်သုံးသပ်သည် ။ မှားတာ တွေပြင်သည် ။ မှန်တာတွေ ဆက်လုပ်ရန် ဆုံးဖြတ်သည် ။

ဘွဲ့ရပြီးပြီးချင်း အိမ်မှာ ပြန်နေခြင်းသည် ကျွန်မအတွက် အင်အားတွေ အများကြီးဖြစ်စေ၏ ။ မကြာခင် ကျွန်မလုပ်ငန်းခွင် ဝင်ရတော့မည်။

အိ မ် မှာ နေဖြစ်ခဲ့သောရက်များ ၏ တွန်းအားသည် ကျွန်မဘဝတစ်လျှောက်လုံး၏ မောင်းနှင် အားပင် ဖြစ်၏ ။

ယခင်က က ကျောင်းတွေ ၊အလုပ်တွေ လျှောက်ထားခဲ့တာ မရခဲ့ခြင်းသည် ကျွန်မအတွက် ရှုံး နိမ့်မှုများ မဟုတ်တော့။ ကျွန်မဘဝတစ်လျှောက်လုံးကို ကျွန်မ၏ ဆောင်းပုဒ်အတိုင်းသာ

ဆက်သွား၍ အောင်မြင်မှုတွေ ရနေမည်ဟု သေချာ၏ ။

နေ့တိုင်းဟာ နေ့ထူးနေ့မြတ်ချည်းပါပဲ။

ဒါလတ်စ်ဝုဒ်ဘန်း

* * *

(၄)

## ပညာရှိစကား

ကျွန်တော်ဒီလူကို မကြိုက်ဘူး။ ကျွန်တော် ဒီလူအကြောင်း ပိုသိအောင် လုပ်ရဦးမယ်။

**အေဗရာဟင်လင်ကင်း**

ယနေ့သည် ကျွန်တော် စာသင်ခန်းတွင် စာသင်ခြင်းကို စွန့်လွှတ်ကာ အထက်တန်းကျောင်း သားအထောက်အကူပြုပုဂ္ဂိုလ် စလုပ်သောနေ့ပင်ဖြစ်သည် ။ ကျွန်တော်က ထိုအလုပ်ကို လုပ်ခဲ့ဖူးသူ အမျိုးသမီးကြီးတစ်ဦးကို မေးကြည့်၏ ။

အမြင်သိပ်ကျဉ်းမြောင်းပြီး ဆရာ။ ဆရာမများ အပေါ် မကောင်းမြင်လေ့ရှိသူ ကျောင်းအုပ်ကြီး နှင့် မည်သို့သည်းညည်းခံဆက်ဆံခဲ့သလဲဆိုသော မေးခွန်း။

အမျိုးသမီးကြီး၏ အဖြေက အလွန်ပင် အပြုသဘောဆန်ပြီးလှပ၏ ။ ထို့ကြောင့်ချက်ချင်းပင် သူ့ကိုပွေ့ဖက်ချီးကျူးမိ၏ ။ သူ့စကားသည် ကျွန်တော့်ဘဝတစ်လျှောက်လုံး ကြုံတွေ့ခဲ့ရသောမကျေမနပ်ဖြစ်မှုများကို အဆုံးသတ်ပစ်စေခဲ့၏ ။

သူပြောတာက…

“ကျွန်မ သူ့ကို မေတ္တာပို့ ဆုတောင်းပေးတာပေါ့ရှင်။ သူတစ်ယောက်ကို မေတ္တာပို့ဆုတောင်း ပေးတဲ့ အချိန်မှာ ဒီလူကို မုန်းတီးဖို့ ရာ သိပ်ခက်ခဲသွားလိမ့်မယ်”

* * *

(၅)

## သူစိမ်းနှစ်ယောက်

ကံကောင်းမှုတို့ သည် စိတ်ဓာတ်ကျမှုကို ရှောင်ရှားတက်သည် ။ စိတ်ဓာတ်ကို မြှင့်တင်ထားပါ။ ကောင်းသော အရာများကို သင့်ထံရောက် လာပြီးသင်လည်း ကောင်းသောအရာပင်ဖြစ်လာလိမ့်မယ်။

## ဂလိုရီအဘယ်လပ်စ်

ကျွန်မဘဝတွင် ရယ်စရာများ ဖြင့် ပြည့်နှက်နေတက်၏ ။ သူငယ်ချင်းများ နှင့် ညစာစားကြလျှင် ကျွန်မ၏ အတွေ့အကြုံများ သည် ရယ်စရာတွေချည်းဖြစ်ကြောင်း ကျွန်မက ပြန်ပြောပြတက်သည် ။ မည်သည့်ကိစ္စမဆို ကျွန်မက ဟာသလိုပင် မြင်တက်သောကြောင့်လည်း အရာရာသည် ရယ်ပွဲဖွဲ့စရာ တွေချည်းပင်ဖြစ်နေသလား မပြောတက်၏ ။

အဖြစ်အပျက်တစ်ခုကြုံရတော့ တစ်မျိုးဆန်းနေ၏ ။ ဇူလိုင်လတစ်နေ့တွင် မီရှီဂန်ပြည်နယ်၊ စိန့်ဂျိုးဇက်မြို့တွင် ကားပျက်ရာမှ ဇာတ်လမ်းစ၏ ။ ကားမပျက်မီ ရက်သတ္တပတ် ခုနစ်ပတ်လောက်က ပင် ကျွန်မသည် မီရှီဂန်မှ အဓိပ္ပါယ်မရှိသော

အလုပ်တစ်ခုမှ ထွက်လာကာ ကိုလိုရာဒိုပြည်နယ်ရှိ ဝိုင် အမ်စီအေအသင်းတွင် လူငယ်များ နှင့် အလုပ်သစ်တစ်ခု လာလုပ်နေခဲ့၏ ။ အလုပ်လုပ်ရတာ က မပင် ပန်းလှသော်လည်း နယ်မြေရာသီဥတုနှင့် ကျွန်မ၏ ပန်းနာရင်ကျပ်ရောဂါက မတည့်၍ အနေရအထိုင်ရ ခက်နေသည် ။

သို့ဖြင့် အလုပ်မျှ ထွက်ကာ မီရှီဂန်သို့ပင် ပြန်ခဲ့ရသည် ။ ကျွန်မက အသက် ၂၆ နှစ်၊ အပျို။ အ လုပ်အကိုင်မရှိ။ မိဘနှင့်အတူနေသူ ကျွန်မဘဝအရေ့ရေး ဘယ်လိုလုပ်ရမည်ဆိုသည် ကို ကျွန်မကိုယ် တိုင်ပင် မသိ။

မိုင် ၁၄ဂဂ ခရီးကို တစ်ယောက်တည်း ကားမောင်းလာခဲ့ရသည် မှာ မည်မျှငြီးငွေ့စရာ ကောင်း သည် ကို ပြန်ပြောရန်ပင် စကားလုံးရှာမရနိုင်။ ကျွန်မအဆုတ်ကလည်း မကောင်းသဖြင့် အသက်ရှူလို ကလည်း မဝ။ ဆေးသောက်ပြန်တော့လည်း အိပ်ကငိုက်လာပြန်၏ ။

ည ၁ဂ နာရီလောက်တွင် မီရှီဂန်နယ်စပ်သို့ ရောက်လာမှ စိတ်သက်သာရာ နည်းနည်းရလာ သည် ။ လေးနာရီလုံးလုံး ပင်ပန်းတကြီးမောင်းလာရ၍ စိန့်ဂျိုဇက်မြို့တွင် ကားခေတ္တရပ်နားကာ အနီး ဆုံးမိုတယ်တစ်ခုတွင် ဝင်နား၏ ။ ကားကို အပြင်မှာ ရပ်ခဲ့ကာ တစ်ခါတည်းတန်းအိပ်ခဲ့၏ ။ ကျွန်မကား ထဲရှိ အိပ်ဇောပန်ကာကို မပိတ်ခဲ့မိသည် ကိုပင် မသိတော့။

နောက်နေ့မနက်ကျတော့ ကားမှာ စက်နှိုးလို့ မရတော့။

ထိုအချိန်ပိုင်းတွင် ကျွန်မသည် စိတ်ပျက်လွန်းသဖြင့် ဟစ်လို့ သာငိုချင်လိုက်မိ၏ ။ ကျွန်မကျန်း မာရေးက ချို့ယွင်းနေသည့်အပြင်

ယခုကားကပါ စက်ချိုယွင်းသွားပြန်ပြီ။

ကျွန်မ ဘာမှ ဆက်မလုပ်လို့ တော့ဘဲ အိမ်ကိုသာ တန်းပြန်ချင်စိတ်သာ ရှိတော့၏ ။ ထာဝရ ဘုရားရှင်က ကျွန်ုပ်တို့ အား မနိုင်ဝန်ကို မထမ်းဆောင်ခိုင်း ဆိုသော စကားကို ကြားဖူးသည် ။ ထိုစကား ကြောင့် ကျွန်မ၏ စိတ်ကို ပြန်သံပတ်တင်းလိုက်ရ၏ ။

အနီးဆုံးကာဝပ်ရှော့တစ်ခုသို့သွားကာ ကားပြင်တာ နှစ်နာရီစောင့်ရ၏ ။ စောင့်နေတုန်း အနား မှာ ထိုင်နေသော အမျိုးသမီးကြီးတစ်ဦးကို သတိပြုမိ၏ ။ သူ့ကြည့်ရသည် မှာ ခင်မင်နှစ်လိုဖွယ်ရှိ၏ ။ မိခင်စိတ်ရှိပုံလည်း ပေါ်၏ ။ ပြောဟန်ဆိုဟန်ကလည်း ယဉ်ကျေးသိမ်မွေ့သည် ။

ကားပြင်တာ စောင့်နေရမှာ ပေါ့နော်ဟု အမျိုးသမီးကြီးက ကျွန်မကို စကားစပြောသည် ။ ကျွန်မ ၏ စိတ်ပျက်လက်ပျက်အမူအရာကိုတွေ့၍ နှစ်သိမ့်စကားပြောဟန်တူ၏ ။

ဟုတ်ပါတယ်။ ကျွန်မကားက နှိုးလို့ မရတော့ဘူး။ ဘာဖြစ်မှန်းကိုမသိတော့ဘူးဟု ကျွန်မက ညည်းညည်းညူညူဖြင့် စိတ်မပါလက်မပါပြောရင် ထိုင်ခုံပေါ်တွင် ခပ်လျော့လျော့ထိုင်ပြီး နံရံလွတ်ကို ပင်အဓိပ္ပါယ်မဲ့ ငေးကြည့်နေမိ၏ ။

ကျွန်မ အမူအရာ ပျက်နေပုံကို ကြည့်ပြီး အမျိုးသမီးကြီးက စကားပြန်စကားပြန်စကာ ကား ဘယ်လိုကနေ ဘယ်လိုစပျက်သလဲ စိတ်ရှည်လက်ရှည်မေးသည် ။ ကျွန်မကလည်း စိတ်မပါလက်မပါ ဖြေရင်းက စကားအရှိန်ရလာတော့ စကားဝိုင်းက ပိုစိုပြည်လာ၏ ။

အားလပ်ရက် အပန်းလာဖြေသူတွေအကြောင်း ၊ မီရှီဂန်ရာသီဥတု၊ အရပ်ဒေသတွင် အစားအ စား စသည့်ဖြင့် ရောက်တက်ရာရာ။ ထိုမှ

တစ်ဆင့် ပိုရင်းနှီး လာပြီး ပုဂ္ဂိုလ်ရေးတွေပါ ပြောလာကြ၏ ။

အမျိုးသမီးကြီးက သူ၏ ၈၅ နှစ်အရွယ် မိခင်အိုကြီးကို သူနာပြုဂေဟာတွင် အပ်နှံထားရ၍ စိတ်မကောင်းကြောင်း ပြော၏ ။ ကျွန်မကလည်း ကျွန်မများက အသက်ခြောက်ဆယ်ဝန်းကျင်ရှိနေပြီ ဖြစ်ကြောင်း၊ အာမခံကြေးများကို စုဆောင်းပြီး အရွယ်ထောက်လာလျှင် သုံးစွဲဖို့ ယခုကတည်းက ပြင် ဆင်နေကြကြောင်း ပြောပြ၏ ။

ကျွန်မကိုလိုရာဒိုသို့ သွားရသည့်ကိစ္စ၊ ကျွန်မ၏ ပန်းနာရင်ကျပ်ရောဂါ။ သူ၏ အိမ်၊ သူ၏ အငြိမ်း စားယူထားသော ခင်ပွန်း၊ ကျွန်မ၏ အငြိမ်းစား မိဘများ အကြောင်းတွေ ရောက်သွားကြ၏ ။

“ခင်ဗျားကားရပြီနော်”ဟု ကားဝပ်ရှော့မှ ပုဂ္ဂိုလ်က အမျိုးသမီးကြီးကို လာပြော၏ ။

“သြော် ဟုတ်လား။ ကျေးဇူးပါပဲရှင်”

သူက မတ်တပ်ရပ်လိုက်၏ ။ ကျွန်မက သူ့ကိုပြုံးပြလိုက်၏ ။ သူက လက်ကိုင်အိတ်နှင့် ကား သော့များကိုကောက်ယူလိုက်၏ ။ သူကလှည့်ထွက်ခါနီး တွင် ခေတ္တတုံ့ဆိုင်းနေပြီး ကျွန်မဘက်ကို ပြန်လှည့်လိုက်၏ ။

မင်းကို ငါပြောစရာတစ်ခုရှိသေးတယ်။

သူပြောသော စကား လေးနက်မည်ဖြစ်ကြောင်း သူ့မျက်နှာတွင် ပေါ်လွင်နေ၏ ။ သူမ၏ မျက် လုံးပြာပြာတောက်တောက်များ ပင် အနည်းငယ်မှိန်သွားပုံရ၏ ။

ငါ့ရဲ့ သမီးက လွန်ခဲ့တဲ့ နှစ်တွေက ကွယ်လွန်သွားခဲ့တယ်။

သူကွယ်လွန်သွားကတည်းက နေ မထိ ထိုင်မရဘဲ ဘာမှ လုပ်ချင်ကိုင်ချင်စိတ် မရှိတော့ဘူး။ သူ့လိုအရွယ်လေးတွေတွေ့တိုင်း ငါ့သမီးကို သိပ်သတိရတာ ပဲ။ ဒီနေ့လည်း မင်းကိုတွေ့ရတာ သမီးကို သိပ်သတိရမိတယ်။

သူက ပြုံးပြီးပြောသော်လည်း မျက်ရည်တွေက စီးကျနေ၏ ။

သမီးအရွယ် လူငယ်တွေတွေ့တိုင်း သမီးအသက်ရှင်နေသေးတယ်လို့ ငါထင်မိတယ်။ ဒါကြောင့် ဒီနေ့မင်းနဲ့ အာလာပသလ္လာပ ပြောရတာ လည်း ငါသိပ်ကြည်နူးတာပဲ။ မင်းအိမ်ပြန်ရောက်ရင် လေ မင်းမိဘကို ပွေ့ဖက်လိုက်ပါကွာ။ သူတို့ဟာ မင်းလိုသမီးရတဲ့ အတွက် သိပ်ကံကောင်းကြမှာ ပါ။

အမျိုးသမီးကြီး၏ မျက်နှာပေါ်တွင် အသက်ပါသော အပြုံးက ထင်ဟပ်နေ၏ ။

ကျွန်မက ဘာပြန်ပြောရမှန်းမသိဘဲ စကားလုံးတွေကလည်းမျိုတွင် တစ်ဆို့နေသည် ။ ကျွန်မ မျက်လုံးအိမ်များ ထဲတွင် မျက်ရည်တွေ ရပ်ချည်ပင် ပြည့်လျှံလာ၏ ။

ကျေးဇူးပါပဲ ဟူသော စကားကိုပင် အတော်ခက်ခက်ခဲခဲ တုန်တုန်ယင်ယင်ပြောလိုက်ရ၏ ။ ကျွန်မဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့။ သူ့သမီးအတွက် ကြေကွဲဝမ်းနည်းမိသည် ။ ကျွန်မသည် စိတ်ခံစားမှုကို ပုံမှန်အားဖြင့် မပေါ်လွင်အောင် ထိန်းသိမ်းတက်သူ ဖြစ်၏ ။ ထိုနေ့တွင် တော့ ဘယ်လိုဖြစ်သွားသည် မသိ။ မတ်တပ်ထရပ်ကာ အမျိုးသမီးကြီးကို သွားဖက်မိ၏ ။

ကျွန်မလည်း စကားပြောရတာ ဝမ်းသာပါတယ်ဟူသော စကားတွေလည်း အလိုလိုထွက်သွား၏ ။

နာရီအနည်းငယ်အကြာတွင် ကျွန်မသည် မိဘများ အိမ်ဆီသို့ ကားကိုဦးတည်မောင်းနေမိ သည် ။ အမေက ထုံးစံအတိုင်း အသက်ပါလွန်းလှသော အပြုံးကြီးဖြင့် ဆီးကြိုကာ ကျွန်မကို ပွေ့ဖက်၏ ။ ဤကဲ့သို့ နွေးထွေးသော ပွေ့ဖက်မှုမျိုးကို အမေများ သာလျှင် ဖန်တီးနိုင်ခွင့်ရှိ၏ ။ ကျွန်မကလည်း အမေ့ကို တအားပြန်ဖက်လိုက်၏ ။

ကျွန်မအိမ်ကို ကျွန်မပြန်ရောက်နေပြီ။ ထိုနေ့မှ စ၍ ကျွန်မသည် ကျွန်မအတွက် ဘာတွေဘယ် လောက်မကောင်းတာဖြစ်ဖြစ် မည်းညည်းညူတော့။ ငါကျမှ ဘာဖြစ်တာလဲဆိုသော မေးခွန်းမျိုးမထုတ်တော့။ အရာရာ ဖြစ်ပျက်သမျှကို စိတ်အေးလက်အေးပဲ ထားနိုင်သော စိတ်ဖြစ်လာသည် ။

ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက် ဆိုသော တရားအသိကို ကျွန်မ ကောင်းကောင်း နားလည် လာမိသည် ။

**မဂ္ဂီကော်လာ**

* * *